ဆွလာဝတ်ပြုနေသူရှေ့မှ ဖြတ်သွားသူသည်

ထိုသို့ဖြတ်သွားခြင်း၏ အပြစ်ဒဏ်သည်

မည်မျှကြီးမားကြောင်း သိရှိပါက၊ သူ့အတွက်လေးဆယ်(အချိန်) တိုင်တိုင် ရပ်စောင့်နေခြင်းသည်

ထိုဆွလာဝတ်ပြုနေသူရှေ့မှ ဖြတ်သွားခြင်းထက်

ပိုမိုကောင်းမွန်ပေသည်။

ဗွစ်ရ် ဗင်န် စအီးဒ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ဇိုင်ဒ် ဗင်န် ခါလိဒ်အလ်ဂျုဟနီ(ရဿွိယလ္လာဟုအန်ဟု) သည် ၎င်းအား အဗူဂျုဟိုင်မ်(ရဿွိယလ္လာဟုအန်ဟု) ထံစေလွှတ်ကာ ဆွလာတ်ဝတ်ပြုသူရှေ့မှ ဖြတ်သွားခြင်းနှင့်ပတ်သတ်၍ ၎င်းသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံမှ မည်သို့ကြားခဲ့သည်ကို
မေးမြန်းစေခဲ့သည်။ အဗူဂျုဟိုင်မ် (ရဿွိယလ္လာဟုအန်ဟု)က ပြောပြခဲ့သည်မှာ - တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဤသို့ မိန့်ကြားတော်မူခဲ့သည်- "ဆွလာဝတ်ပြုနေသူရှေ့မှ ဖြတ်သွားသူသည် ထိုသို့ဖြတ်သွားခြင်း၏ အပြစ်ဒဏ်သည်
မည်မျှကြီးမားကြောင်း သိရှိပါက၊ သူ့အတွက် လေးဆယ်(အချိန်) တိုင်တိုင်
ရပ်စောင့်နေခြင်းသည် ထိုဆွလာဝတ်ပြုနေသူရှေ့မှ ဖြတ်သွားခြင်းထက်ပိုမိုကောင်းမွန်ပေသည်။" အဗွန်နဿွရ်က "တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ရက်ပေါင်း လေးဆယ်ဟု မိန့်ကြားခဲ့သည်လား ၊
လပေါင်း လေးဆယ်ဟု မိန့်ကြားခဲ့သည်လား၊ သို့မဟုတ် နှစ်ပေါင်း လေးဆယ်ဟု
မိန့်ကြားခဲ့သည်လား ဆိုသည်ကို ကျွန်ုပ်မသိပါ" ဟု ဆိုခဲ့သည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဖရဿ်ွဆွလာသ်ဖြစ်စေစွန်နသ်ဆွလာသ်ဖြစ်စေ ဝတ်ပြုနေသူ၏ရှေ့မှ ဖြတ်သွားခြင်းမပြုရန် သတိပေးတားမြစ်ထားသည်။အကယ်၍ ထိုသူသည် ဆွလာသ်ဝတ်ပြုနေသူရှေ့မှ သိလျက်တမင်ဖြတ်သွားသူ ရရှိမည့်အပြစ်ကိုသိရှိပါက လေးဆယ်ကြာသည်အထိ စောင့်ဆိုင်းခြင်းကို ရွေးချယ်လိမ့်မည်ဖြစ်သည်။ ဤသည်၎င်းအဖို့ ဆွလာသ်ဝတ်ပြုနေသူ၏ရှေ့မှ ဖြတ်သွားခြင်းထက် ပို၍‌ကောင်းပေသည်။ ဟဒီးစ်ဆင့်ပြန်သူရာဝီ အဗွန်နဿွရ်က " တမန်တော်မြတ်သည် ရက်လေးဆယ်ဟု ပြောခဲ့ခြင်းလား၊ လပေါင်းလေးဆယ်ဟု ပြောခဲ့ခြင်းလား သို့မဟုတ် နှစ် ပေါင်းလေးဆယ်ဟု ပြောခဲ့ခြင်းလားဆိုသည်ကိုကျွန်ုပ်မသိပါ" ဟုဆိုသည်။

http://www.sunnah.global/hadeeth/my/show/7191